# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 11 , 2023 Volume 66, Number 7

၁၁.၅.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၅၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၅.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၅.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၃.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၄.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၅၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၇၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၇၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၀၂၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## လာအိုမှရထားဖြင့်တိုက်ရိုက်တင်ပို့မှုကြောင့် တရုတ်တွင် ဒူးရင်းသီးဈေး ထက်ဝက်ကျော်ကျဟုဆို



https://greenwaymyanmar.com

ထိုင်းကနေတင်သွင်းတဲ့ ဒူးရင်းသီးတွေကို လာအိုကနေတစ်ဆင့် အမြန်ရထားနဲ့တိုက်ရိုက်တင်သွင်းနိုင်ခဲ့မှုကြောင့် တရုတ်နိုင်ငံတွင်းမှာ ဒူးရင်းသီးဈေး ထက်ဝက်ကျော်ကျဆင်းသွားတယ်လို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက သတင်းထုတ်ပြန်လာပါတယ်။

"အနံ့ပြင်းပြီး စားကောင်းတဲ့၊ အရသာနူးညံ့ပြီး ထူးခြားတဲ့ "သစ်သီးများရဲ့ဘုရင်" ဒူးရင်းသီးဟာ တရုတ် သစ်သီးဈေးကွက်နဲ့ စားသုံးသူများရဲ့ များစွာနှစ်ခြိုက်မှုကို ရရှိနေပါတယ်။ ဧပြီလဆန်းမှာ တစ်ကီလိုလျှင် ယွမ် ၁၀၀ တန်ဖိုးရှိတဲ့ ဒူးရင်းသီး ဈေးဟာ "မေဒေး" အပြီးမှာ ဈေးကျသွားပါတယ်။ ဒေသတော်တော်များများမှာ ဒူးရင်းသီးဈေးဟာ ၀.၅ ကီလိုဂရမ်ကို ၂၀ ယွမ်လောက်အထိ ကျဆင်းသွားပါတယ်" ဆိုပြီး တရုတ်သံရုံးရဲ့သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ ဒီထုတ်ပြန်ချက်အရဆို တစ်လအတွင်း တရုတ်နိုင်ငံတွင်း ဒူးရင်းသီးဈေးနှုန်းဟာ အရင် တစ်ကီလို ယွမ် ၁၀၀ ကနေ တစ်ကီလို ယွမ် ၄၀ ထိ ကျသွားတာဖြစ်ပါတယ်။ (ယွမ် ၁၀၀ = ၁၄.၄၄ ဒေါ်လာခန့်)

"ယခုနှစ် ဒူးရင်းသီးဈေး ဘာကြောင့် ဒီလောက်ဈေးသက်သာရတာလဲဆိုတော့ တရုတ်–လာအို မီးရထားလမ်းရဲ့ "အမြန်ရထား" မှာ လိုက်ပါစီးနင်းလာလို့ပါပဲ။ ယခုနှစ်မှာ တရုတ်–လာအိုမီးရထားနဲ့ ပို့ဆောင်တာကြောင့် တရုတ်နိုင်ငံသို့ ဒူးရင်းသီးများ တင်ပို့မှုကြာချိန်ကို အများဆုံး ၇ ရက်မှ ၃ ရက်အထိ လျှော့ချနိုင်ခဲ့တယ်လို့ ထိုင်းနိုင်ငံ ဒူးရင်းသီးတင်ပို့သူများက ပြောကြားပါတယ်"လို့လည်း သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

"ထိုင်းနိုင်ငံ Map Ta Phut ဘူတာမှ တရုတ်နိုင်ငံ ကွမ်ကျိုးသို့ပြေးဆွဲတဲ့ "ဒူးရင်းသီးရထား" ဟာ ထိုင်းနိုင်ငံမှ တရုတ်နိုင်ငံသို့ သစ်သီးများ ပို့ဆောင်မှုကြာချိန်ရဲ့ အမြန်ဆုံးစံချိန်ကို ချိုးနိုင်ခဲ့ပြီး သယ်ယူပို့ဆောင်မှုအတွင်း ဆုံးရှုံးနိုင်ခြေလည်း သိသိသာသာလျော့ကျသွားခဲ့ပါတယ်။ ဧပြီလမှစ၍ ဒူးရင်းသီး၊ ပိန္နဲသီး၊ မင်းကွတ်သီး၊ လိုင်နံသီး၊ ကျွဲကောသီးစတဲ့ အပူပိုင်းဒေသထွက် သစ်သီးအများအပြား ဈေးကွက် ဝင်လာပြီး နေ့စဉ် တရုတ်–လာအိုမီးရထားဖြင့် သစ်သီးပို့ဆောင်တဲ့ အထူးရထားဖြင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးလျက်ရှိပါတယ်။ ယခုနှစ် "မေဒေး" ကာလမှာ တရုတ်–

လာအို မီးရထားဖြင့် အပူပိုင်းဒေသထွက် သစ်သီးဝလံများ တင်သွင်းမှုတန်ချိန် ၁၁၀၀၀ ရှိခဲ့ပါတယ်” လို့လည်း တရုတ်သံရုံး ဘက်က သတင်းထုတ်ပြန်ချက်မှာ ထည့်သွင်းပြောကြားထားပါတယ်။

တရုတ်နှင့် လာအိုအကြား ဖောက်လုပ်ထားတဲ့ ရထားလမ်းဟာ ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းမှ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ် ပထမ ၃ လပတ်အတွင်းမှာတော့ တရုတ်-လာအို မီးရထားလမ်းကိုအသုံးပြု၍ ကုန်သွယ်ခဲ့တဲ့ပမာဏဟာ ယမန်နှစ် ကာလတူကထက် ၂၄၇.၄ ရာခိုင်နှုန်း တိုးတက်လာခဲ့တယ်လို့ သိရပါတယ်။

ဒီရထားလမ်းနဲ့ ထိုင်း-လာအို-တရုတ်အကြား ကုန်သွယ်မှုအကြောင်း အပြည့်အစုံသိချင်ရင်တော့ အောက်ပါ “ ရ ကောက် ရထားကြီး ပျော်ပျော်စီး ” ဆိုတဲ့ ဆောင်းပါးလင့်ကနေ ဝင်ရောက်ဖတ်ရှုနိုင်ပါတယ်။

**Source:** https://greenwaymyanmar.com/posts/Thai_durian_export_to_China_by_train

https://greenwaymyanmar.com/posts/Chinese_local_durian_market

## အာရှတွင် ယခုနှစ် ဆန်အထွက်များမည် ခန့်မှန်း



https://www.foodindustrydirectory.com.mm

ဆန်ဈေး ကောင်းနေသဖြင့် လယ်သမားများသည် စိုက်ဧကများ တိုးချဲ့ရန်နှင့် ဓာတ်မြေဩဇာ ပိုမိုအသုံးပြုရန် စိတ်အားထက်သန်စေသောကြောင့် အာရှ၏ဆန်အထွက်နှုန်းမှာ ယခုနှစ်တွင် မြင့်တက်လာမည် ဖြစ်သည်။

ဆန်ထုတ်လုပ်မှုသည် ၂၀၂၂ ခုနှစ်တွင် ကျဆင်းမှုကို ခုနှစ် နှစ်အတွင်း ပထမဆုံးအကြိမ် ကြုံတွေ့ခဲ့ရသည်။ ယခုနှစ်တွင် ဆန်ထုတ်လုပ်မှု ပြန်မြင့်တက်မည်ဟု ခန့်မှန်းထားသည်။

မကြာသေးမီက ရိတ်သိမ်းပြီးသည့် ရာသီပေါ်စပါးများကို ကမ္ဘာ့ ထိပ်တန်း ဆန်တင်ပို့သူများဖြစ်ကြသည့် အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ ထုတ်လုပ်မှုသည် ယခင်နှစ်ထက် ကျော်လွန်ခဲ့သည်။

လယ်သမားများသည် လာမည့်လ အနည်းငယ်အတွင်း စပါးစိုက်ပျိုးရန် ပြင်ဆင်နေကြချိန်တွင် ဆန်ဈေးနှုန်းများမှာ နှစ်နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိနေသည်။

အိန္ဒိယ၊ ပါကစ္စတန်နှင့် ထိုင်းနိုင်ငံတို့သည် စပါးကို မေလနှင့်ဇွန်လတွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) မှ စီးပွားရေးပညာရှင် Shirley Mustafa က ပြောကြားသည်။

အိန္ဒိယ၏ ပို့ကုန်ဆန်ကန့်သတ်ချက်များ၊ တရုတ်နိုင်ငံတွင် အပူလှိုင်းနှင့် ပါကစ္စတန်တွင် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ပြီး ကမ္ဘာ့ထုတ်လုပ်မှုကျဆင်းမှုနှင့်အတူ ယမန်နှစ်တွင် ဆန်ဈေးနှုန်းများ မြင့်တက်ခဲ့သည်။

သို့သော်လည်း မကြာသေးမီ ရက်သတ္တပတ်များအတွင်း ဆန်ဈေးနှုန်းများ ကျဆင်းခဲ့သည်။ အသုံးများပြားသည့် ၅% ဆန်ကွဲပါ အိန္ဒိယဆန် RI-INBKN5-P1 အမျိုးအစားနှင့် ၅% ဆန်ကွဲပါ ထိုင်းဆန် RI-THBKN5-P1 တို့၏ ခေါ်ဈေးသည် ၂၀၂၃ တွင် ဖြစ်ပေါ်ခဲ့သည့် နှစ်နှစ်တာအတွင်း အမြင့်ဆုံးဈေးနှုန်းအောက်မှာ ရောက်ရှိနေသည်။

အိန္ဒိယနိုင်ငံတွင် ဆောင်းရာသီ စိုက်သည့် စပါးထုတ်လုပ်မှုသည် လွန်ခဲ့သည့်နှစ်တွင် တန်ချိန် ၁၈ ဒသမ ၅ သန်း ရှိခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၂၂ ဒသမ ၈ သန်းသို့ ခုန်တက်ခဲ့သည်။ နွေစပါး အထွက်လျော့ကျသည်ကို ထေမိသည်။ တစ်ကမ္ဘာလုံးတွင် စပါးစိုက်ပျိုးမှု ဧရိယာသည် ၂၀၂၃/၂၄ တွင် ဟက်တာပေါင်း ၁၆၅.၇၀ သန်းအထိ ရှိမည်ဟု International Grains Council (IGC) က ခန့်မှန်းထားသည်။

ကမ္ဘာ့ဆန်ထုတ်လုပ်မှုသည် တန်ချိန် ၅၂၁ ဒသမ ၄၉ သန်းအထိ မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။ တတိယ အကြီးဆုံး ပိုတက်စ့်တင်ပို့သူ ဘီလာရုစ်မှ ထောက်ပံ့မှုပြန်လည်စတင်လာသောကြောင့် ဇန်နဝါရီမှ မတ်လအတွင်း ဓာတ်မြေဩဇာဈေးနှုန်းများ ကျဆင်းခဲ့သည်။ အဓိက ကုန်ကြမ်းဖြစ်သော နိုက်ထရိုဂျင်လည်း ဈေးပြန်ကျသည်။ သို့သော်လည်း အာရှဆန်စပါးထုတ်လုပ်မှုအတွက် ရာသီဥတုသည် အဓိကကျသည်။ အယ်နီညိုကြောင့် အာရှတိုက်၏

နေရာအနှံ့အပြားတွင် ခြောက်သွေ့မှုဖြစ်ပေါ်စေမည်ဟု ခန့်မှန်းထားသည်။

**Source: Bangkokpost**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6147-asia-rice.html

## အာဆီယံသဘောတူညီချက်သည် ဒေသတွင်းတွင် ပြည်တွင်းငွေကြေးများသုံးစွဲမှုကို တွန်းအားပေးရန်ဖြစ်

ဒေသတွင်း ပေးချေမှုများတွင် ပြည်တွင်းငွေကြေးသုံးစွဲခွင့်ကိုအားပေးသည့် အာဆီယံ၏ ပူးတွဲအစီအစဉ်ဖြစ်သည့် "ဒေသတွင်းပေးချေမှုများတွင် ပြည်တွင်းငွေကြေးများမြှင့်တင်ခြင်းနှင့် ချိတ်ဆက်ပေးချေမှု အဆင့်မြှင့်တင်ခြင်းအပေါ် အာဆီယံခေါင်းဆောင်များ၏ ကြေညာချက်" မူကြမ်းအား ထိုင်းနိုင်ငံအစိုးရအဖွဲ့က အတည်ပြုလိုက်ကြောင်း ထိုင်းနိုင်ငံအစိုးရ၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ Ms. Rachada Dhnadirek က ပြောကြားလိုက်ပါသည်။

အဆိုပါ မူကြမ်းကို ၄၂ ကြိမ်မြောက် အာဆီယံ Summit တွင် ကြေညာသွားမည်ဖြစ်ကြောင်း၊ ခိုင်မြဲစွာပူးပေါင်းထားပြီး ဘဏ္ဍာရေးအရ ရေရှည်တည်တံ့ခိုင်မြဲသော အာဆီယံစီးပွားရေးကို ဖော်ဆောင်သွားမည့် အာဆီယံစီးပွားရေး အသိုက်အဝန်း ၂၀၂၅ ပါ ရည်ရွယ်ချက်များနှင့် ကိုက်ညီပါကြောင်း၊ ဒေသတွင်းပေးချေမှုများတွင် ပြည်တွင်းငွေကြေးများ သုံးစွဲမှုမြှင့်တင်ခြင်းနှင့် ချိတ်ဆက်ပေးချေမှုများသည် မူကြမ်း၏ အဓိကလက္ခဏာရပ်များဖြစ်ကြောင်းဆိုပါသည်။

ဒေသတွင်း ချိတ်ဆက်ပေးချေမှုသည် နယ်စပ်ကုန်သွယ်ရေးတွင် လုံခြုံစိတ်ချရသော ပေးချေမှုကိုမြှင့်တင်ရန်၊ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နယ်စပ်ကုန်သွယ်ရေး ပေးချေမှုစနစ်အတွက် အခြေခံအဆောက်အဦ တိုးတက်ရန်နှင့် လွယ်ကူလျင်မြန်စိတ်ချရသော အီလက်ထရောနစ်ပေးချေမှုစနစ်ဖြစ်ရန် အဓိကထားပါကြောင်း၊ ပြည်တွင်းငွေကြေးသုံးစွဲမှုကို မြှင့်တင်ခြင်းသည် ပြည်တွင်းငွေကြေးပေးချေမှုလုပ်ငန်းအဖွဲ့ တည်ထောင်ရန်၊ ဒေသတွင်း ဘဏ္ဍာရေးကဏ္ဍတွင် ပြည်ပမှ သက်ရောက်မှုများကို လျှော့ချပေးရန်နှင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတွင် ပြည်တွင်းငွေကြေးသုံးစွဲမှုကို မြှင့်တင်ရန်ဖြစ်ကြောင်း ၎င်းကဖြည့်စွက်ရှင်းလင်းပါသည်။

ဒေသတွင်း ချိတ်ဆက်ပေးချေမှုနှင့် ပြည်တွင်းငွေကြေးသုံးစွဲမှုကို မြှင့်တင်ခြင်းတို့အတွက် စောင့်ကြည့်ရန် အာဆီယံခေါင်းဆောင်များက နိုင်ငံအလိုက်ဘဏ္ဍာရေးဝန်ကြီးများကို တာဝန်ပေးအပ်ထားပါကြောင်း၊ ယခုသဘောတူညီချက်မူကြမ်းသည် နည်းပညာကို အသုံးပြုခြင်းဖြင့် ဒေသတွင်း အီလက်ထရောနစ်ပေးချေမှုစနစ်ကို မြှင့်တင်လိုသည့် အာဆီယံခေါင်းဆောင်များ၏ ဆန္ဒသဘောထားဖြစ်ပါကြောင်း ၎င်းကဆိုပါသည်။

ထို့ပြင် သဘောတူညီချက်မူကြမ်းတွင် နိုင်ငံများအကြား လက်မှတ်မထိုးရသေးသော လိုက်နာရမည့် ဥပဒေပြဋ္ဌာန်းချက်များ မပါဝင်ပါကြောင်းနှင့် နိုင်ငံတကာ ဥပဒေအောက်မှ စာချုပ်မဟုတ်ကြောင်း Ms. Rachada က ရှင်းလင်းပြောကြားပါသည်။

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

**Source:** www.bangkok.gov

## မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ သန်း ၄၀၀ နီးပါးရရှိထား

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီတစ်လတာ ကာလအတွင်း မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ သန်း ၄၀၀ နီးပါးရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှုစာရင်းများအရ သိရသည်။

အဆိုပါ ကာလအတွင်း မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးတွင် မြဝတီကုန်သွယ်ရေးစခန်းနှင့် ထီးခီးကုန်သွယ်ရေးစခန်းတို့မှ အများဆုံးကုန်သွယ်မှု ပြုလုပ်ထားကြောင်းသိရသည်။ ထို့အပြင် ယင်းကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးထက် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးသည် မြင့်တက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှုစာရင်းများအရ သိရသည်။

ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်ရေးမှ မြန်မာ့လယ်ယာထွက်ကုန်များဖြစ်သည့် ပြောင်း၊ ရော်ဘာ၊ ငရုတ်၊ ပဲ၊ အာလူး၊ ကြက်သွန်နှင့်ရေထွက်ကုန်ဖြစ်သည့် ငါး၊ ပုဇွန်၊ ဂဏန်းများကို ထိုင်းနိုင်ငံသို့ အဓိကတင်ပို့နေပြီး ထိုင်းနိုင်ငံမှ CMP အထည်အလိပ်၊ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်း၊ စိုက်ပျိုးရေးသုံးနှင့် စက်ရုံသုံးကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးကုန်ပစ္စည်း၊

စက်နှင့်စက်အပိုပစ္စည်း၊ စားသောက်ကုန်အစရှိသည်တို့ကို အများဆုံးတင်သွင်းနေကြောင်း သိရသည်။

လတ်တလောကာလအတွင်း သွင်းကုန်ပစ္စည်းများ တင်သွင်းရာတွင် စိစစ်မှုများပြုလုပ်၍ သွင်းကုန်အချို့ ကန့်သတ်မှုတွေ ရှိလာနိုင်ကြောင်း ကုန်သည်များ၏ ပြောပြချက်အရသိရသည်။

**Source: Popular News Journal**

## စစ်တွေဆိပ်ကမ်းရောက် အိန္ဒိယသင်္ဘော မတ်ပဲတန် ၁၀၀၀ တင်ဆောင်ထွက်ခွာမည်



သတင်း – BETV Business

ကုလားတန်ဘက်စုံသုံး သယ်ယူပို့ဆောင်ရေးစီမံကိန်းရဲ့ အစိတ်အပိုင်းဖြစ်တဲ့ စစ်တွေဆိပ်ကမ်းကို အင်္ဂါနေ့က ဖွင့်လှစ်ခဲ့ပြီး ဆောက်လုပ်ရေးလုပ်ငန်းသုံး ဘိလပ်မြေတန်ချိန် ၁၀၀၀ တင် အိန္ဒိယကုန်စည်တင်သင်္ဘော ITT Lion စတင်ဆိုက်ကပ်ခဲ့ပါတယ်။

စစ်တွေဆိပ်ကမ်းကတဆင့် အိန္ဒိယနိုင်ငံအပြင် ဒေသတွင်းနိုင်ငံတွေနဲ့ပါ တိုက်ရိုက်ကုန်သွယ်နိုင်မှာဖြစ်လို့ စီမံကိန်းပြီးစီးရေးအတွက် ကြိုးစားအားထုတ်ပေးကြတဲ့ နှစ်နိုင်ငံအစိုးရ တာဝန်ရှိသူတွေကို ကျေးဇူးတင်ကြောင်း ပို့ဆောင်/ဆက်သွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်ဆန်းက ပြောပါတယ်။

မေလ ၄ ရက်နေ့မှာ ကာလကတ္တား Syama Prasad Mookerjee ဆိပ်ကမ်းကနေ စတင်ထွက်လာခဲ့တဲ့ ITT Lion က ၎င်းသယ်ဆောင်လာခဲ့တဲ့ ဘိလပ်မြေတွေ ဆိပ်ကမ်းချပြီး မြန်မာနိုင်ငံကနေ မတ်ပဲတန်ချိန် (၁၀၀၀) ကို တင်ဆောင်ထွက်ခွာဖို့ ရှိပါတယ်။

စစ်တွေဆိပ်ကမ်းဖွင့်လှစ်ဖို့ ဇန်နဝါရီလကတည်းက ကုန်သည်အများစုက မျှော်လင့်ခဲ့ပေမယ့် ယခု မေလ ၉ ရက်နေ့မှ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပြီး "မီဇိုရမ်ပြည်နယ်နဲ့ အခြားပြည်နယ်တွေက ဒီစီမံကိန်းကနေ ကြီးမားတဲ့အကျိုးအမြတ်တွေ ရလိမ့်မယ်"လို့ အိန္ဒိယဆိပ်ကမ်းဝန်ကြီး Sonowal က ပြောပါတယ်။ စစ်တွေဆိပ်ကမ်းကို ဗဟိုပြုတဲ့ အိန္ဒိယ-မြန်မာနှစ်နိုင်ငံအကြား ကုန်သွယ်မှုကို ကိုင်တွယ်ဖြေရှင်းဖို့ သင်္ဘောလိုင်းတစ်ခု ထူထောင်နိုင်ရေး နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တာဝန်ရှိသူတွေ ဆွေးနွေးထားပြီး အပတ်စဉ် ဒါမှမဟုတ် လစဉ်ပြေးဆွဲနိုင်ရေး ရည်ရွယ်ထားပါတယ်။

စစ်တွေဆိပ်ကမ်းအပါအဝင် ပလက်ဝကုန်းတွင်းဆိပ်ကမ်း၊ ကုလားတန်မြစ်ကူးတံတား၊ ပလက်ဝ-မီဇိုရမ် ကားလမ်းတွေ ပါဝင်တဲ့ ကုလားတန်စီမံကိန်းကို ၂၀၀၈ ခုနှစ်မှာ တရားဝင်စတင်ခဲ့ပြီး အိန္ဒိယအရှေ့မြောက် ကုန်းတွင်းပိတ်ဒေသအတွက် ရေကြောင်းကုန်သွယ်ရေးလမ်းအဖြစ် အသုံးပြုနိုင်ဖို့ ဒီဇိုင်းရေးဆွဲထားကာ အမေရိကန်ဒေါ်လာသန်း သန်း (၅၀၀) နီးပါး ရင်းနှီးမြှုပ်နှံထားပါတယ်။

**Source: BETV Business**

## မြန်မာ့ပြောင်း ဝယ်ယူပေးရန်ကမ်းလှမ်းချက် ဘင်္ဂလားဒေ့ရှ် အကြောင်းမပြန်သေး




မြန်မာနိုင်ငံက စိုက်ပျိုးထွက်ရှိတဲ့ ပြောင်းဆန်တွေ ဝယ်ယူတင်သွင်းဖို့ ကမ်းလှမ်းချက်အပေါ် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က အကြောင်းပြန်ကြားခြင်းမရှိသေးဘူးလို့ မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း တာဝန်ရှိသူတစ်ဦးက ပြောကြားထားပါတယ်။

လက်ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံထံ မြန်မာ့ပြောင်းတန်ချိန် (၂၀၀၀) ကို စမ်းသပ်တင်ပို့ထားပြီး ၎င်းတို့ဘက်က လက်ခံနိုင်တဲ့ အရည်အသွေးအတိုင်း ရောက်ရှိသွားပြီလို့ဆိုပါတယ်။ "စမ်းသပ်တင်ပို့တဲ့ အနေအထားက အောင်မြင်တယ်လို့ ပြောလို့ရတယ်။ အရည်အသွေးကလည်း လက်ခံနိုင်တယ်။ ဆက်ပြီးတော့ ဝယ်မယ်/မဝယ်ဘူး။

ဒီလမ်းကြောင်းအတိုင်းပဲ ဆက်ပြီးတင်ပို့ရမလားဆိုတာကတော့ ဝယ်ယူမယ့် ဘင်္ဂလားဒေ့ရှ်ကုန်သည်ဘက်က တုံ့ပြန်မှု မလာသေးဘူး''လို့ ပြောပါတယ်။

မြန်မာ့ပြောင်းဆန်တွေ ဘင်္ဂလားဒေ့ရှ်ဈေးကွက်ကို တင်ပို့ရောင်းချဖို့ ၂၀၂၀ ပြည့်နှစ်ကတည်းက စီစဉ်ဆောင်ရွက်ခဲ့ပေမယ့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ နိုင်ငံရေးအပြောင်းအလဲတွေကြောင့် ယခုအခါမှ ပြန်လည်စီစဉ်ရခြင်းလည်း ဖြစ်ပါတယ်။ ''အကယ်၍ ဘင်္ဂလားဒေ့ရှ်က အများအပြားဝယ်မယ်ဆိုရင် မြန်မာ့ပြောင်းအတွက် ခိုင်မာတဲ့ နောက်ထပ် ဈေးကွက်သစ်တခုရမှာပါ။ ပြောင်းစိုက်တောင်သူများအတွက်လည်း ဈေးကွက်တစ်ခုရမယ်ဆိုရင် မြန်မာ့ပြောင်းလောက ပိုပြီးကောင်းမွန်လာနိုင်တယ်''လို့ တာဝန်ရှိသူတစ်ဦးက ဆက်ပြောပါတယ်။

လက်ရှိ မြန်မာ့ပြောင်းဆန်တွေကို ဒေသတွင်းနိုင်ငံတွေရဲ့ လိုအပ်ချက်ရှိမှုကြောင့် ဝယ်လိုအားရှိနေဆဲဖြစ်ပြီး ဈေးနှုန်း အတက်အကျက ဝယ်လိုအားနဲ့ ရောင်းလိုအားအပေါ်သာ မူတည်နေတာပါ။ ''နိုင်ငံတော်ရဲ့ ငွေကြေးပေါ်လစီအပေါ် မူတည်မယ်။ အခြားနိုင်ငံတွေရဲ့ ငွေကြေးအခြေအနေအပေါ် မူတည်ပြီး အပြောင်းအလဲရှိနိုင်တယ်''လို့ တာဝန်ရှိသူက သုံးသပ်ထားပါတယ်။

လက်ရှိမှာ ဖေဖော်ဝါရီလကစတင်ကာ ပြောင်းဆန်တင်ပို့ရောင်းချမှုတွေ ပြုလုပ်နေပြီး ထိုင်းနိုင်ငံက အများဆုံးဝယ်ယူ ထားကာ တရုတ်၊ ဗီယက်နမ်၊ အိန္ဒိယ၊ ဖိလစ်ပိုင်စတဲ့ ဒေသတွင်းနိုင်ငံတွေဆီလည်း တင်ပို့ရောင်းချလျက်ရှိပါတယ်။

**Source: BETV Business**

## ကြက်သွန်နီဈေး တက်ဈေးဖြင့်ငြိမ်နေပြီး အရောင်းအဝယ်အေး




သင်္ကြန်ကာလအလွန်တွင် တစ်ရိပ်ရိပ်တက်လာသော ကြက်သွန်နီဈေးသည် ယခုတစ်ပတ်အတွင်း တက်ဈေးဖြင့်ငြိမ်နေပြီး အရောင်းအဝယ်အေးလျက် ရှိကြောင်း ကြက်သွန်စိုက်တောင်သူများနှင့် ကုန်သည်များ ထံမှစုံစမ်း သိရှိရသည်။

ပြည်တွင်း ကြက်သွန်နီဈေးကွက်တွင် ကြက်သွန်နီတစ်ပိဿာ ဈေးနှုန်းသည် သင်္ကြန်မတိုင်ခင်က ကြက်သွန်နီ တစ်ပိဿာလျှင် ၁၀၀၀ ကျပ်သာရှိပြီး ယနေ့မေလ၉ ရက်နေ့တွင် ကြက်သွန်နီ တစ်ပိဿာပေါက်ဈေးမှာ ၂၀၀၀ ဖြင့် ဈေးငြိမ်လျက် ရှိသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မြင်းခြံ ၊ မုံရွာ ၊ မြစ်သား ၊ ဆိပ်ဖြူ ၊ မင်းဘူး ၊ တောင်သာ ၊ ပခုက္ကူ ၊ တောင်တွင်း မြို့နယ်များမှ နေ့စဉ် ကြက်သွန်နီ ကားအစီးရေ ၂၀ ကနေ ၂၇ စီးကြား ဝင်ပြီး လက်ရှိ ကြက်သွန်နီပေါက်ဈေးမှာ ၁၈၀၀ ကျပ်မှ ၂၂၀၀ ကျပ်အကြား ဈေးပေါက်လျက်ရှိသည်။

"ဒီနေ့ ဘုရင့်နောင်ကုန်စည်ဒိုင်မှာတော့ ဈေးသုံးတန်းပဲဖွင့်ပါတယ်။ မုံရွာနဲ့ဆိပ်ဖြူပါပဲ။ မုံရွာက ဈေးတန်းပေါ့။ ၁၈၀၀ ကျပ်ကနေ ၂၁၀၀ အထိက တစ်တန်း ၊ မုံရွာ ၁၉၀၀ ကျပ်ကနေ ၂၂၀၀ အထိက တစ်တန်းပေါ့"ဟုဘုရင့်နောင်ကုန်စည်ဒိုင်မှ ကုန်သည်တစ်ဦးကပြောသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် တက်ဈေးဖြင့် ငြိမ်နေသော်လည်း မြင်းခြံကုန်စည်ဒိုင်တွင် ယနေ့ပေါက်ဈေးအရ ကြက်သွန်နီ ဈေးအနည်းငယ်ကျနေကြောင်း သိရသည်။ "အရောင်းအဝယ်က လတ်တလောအေးနေတယ်။ ဗီယက်နမ် ၊ တရုတ်ကိုပို့တဲ့ သူက ပို့နေပေမယ့်လည်း အရောင်းဝယ်ကအေးနေပြီး ဈေးကလည်း ၅၀ လောက်ပြန်ကျသွားတယ် "ဟု မြင်းခြံကုန်စည်ဒိုင်မှ အတွင်းရေး မှူး ဦးကျော်ရိန်ကပြောသည်။

မြင်းခြံကုန်စည်ဒိုင်တွင် မေလ ၉ ရက်နေ့၏ ကြက်သွန်နီပေါက်ဈေးသည် တစ်ပိဿာလျှင် ၁၅၀၀ မှ ၁၉၅၀ အကြားရှိပြီး ကုန်ချိန် ၁၁၀၀၀ ကျော် ဈေးကွက်ထဲကိုဝင်ကြောင်း သိရသည်။

မြင်းခြံကုန်စည်ဒိုင်နည်းတူ ဆိပ်ဖြူတွင်လည်း ဈေးကျနေပြီး ယခင်ရက်များတွင် ဆိပ်ဖြူပေါက်ဈေးသည် ၂၀၀၀ ကျပ် အထက်တွင်ရှိသည်။ လက်ရှိပေါက်ဈေးနှုန်းက တစ်ပိဿာကို ၁၅၀၀ ကနေ ၁၉၅၀ ရှိပြီး ကုန်ချိန်အဝင်မှာ ၂၄၅၀၀ ခန့်ဝင်ကြောင်း ကုန်စည်ဒိုင်မှ သိရှိရသည်။

ပခုက္ကူကုန်စည်ဒိုင်တွင်လည်း နေ့စဉ်ကုန်ချိန် ခုနှစ်သောင်းအဝင်ရှိပြီး ကြက်သွန်နီ ပုလဲအနီစ ၁၉၀၀ ကျပ်မှ ၂၀၂၀ ကျပ် အကြား ၊ အသေးစ ၁၄၅၀ မှ ၁၄၀၀ ကျပ်ရှိပြီး ရန်ကုန်နည်းတူ တက်ဈေးနဲ့ဈေးငြိမ်လျက်ရှိသည်။ "ပခုက္ကူက အနီစတွေဝင်တာ

များတယ်။ အနီစတွေကို တရုတ်ဘက်က ဝယ်ကြတယ်။ အဝါစတွေတော့ မြဝတီနယ်စပ်ကနေ ဗီယက်နမ်ဘက်ကို တင်ပို့ကြတယ်”ဟု ဝါရင့် ကြက်သွန်နီကုန်သည်တစ်ဦးကပြောသည်။

ကြက်သွန်နီသည် ပြီးခဲ့သည့် ရက် ၂၀ အတွင်း တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ကျော်ခန့် ဈေးမြင့်တက်လာခဲ့ပြီး လက်လီပေါက်ဈေးသည်လည်း တစ်ပိဿာကို ၃၀၀၀ ကျော်ထိ ပေါက်ဈေးရှိနေကြောင်း စုံစမ်းသိရှိရသည်။

ကြက်သွန်နီကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြပြီး နှစ်စဉ်ကြက်သွန်နီ တစ်သန်းကျော်အထိ ထွက်ရှိသည်။ ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်တွေဖြစ်သည့် တရုတ် ၊ ထိုင်း ၊ မလေးရှား၊ စင်္ကာပူ၊ ဘင်္ဂလားဒေ့ရှ် ၊ ဗီယက်နမ်နှင့် အမေရိကန်နိုင်ငံတွေကို အများဆုံးတင်ပို့ရောင်းချကြသည်။

လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ကြက်သွန်နီ တန်ချိန် တစ်သိန်းတင်ပို့ရောင်းချသွားမည်ဖြစ်ပြီး ၂၀၂၃ ဖေဖော်ဝါရီလအထိ ကြက်သွန်နီတန်ချိန် ရှစ်သောင်းကျော်တင်ပို့ရောင်းချပြီးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က သိရှိရသည်။

(AMIA)

Source: Myanma Awba

## ရွှေဈေးကွက်အတွင်း အရောင်းအဝယ်ဆက်အေးနိုင်ဟု YGEA ပြော

ရန်ကုန်ရွှေဈေးကွက်အတွင်း အရောင်းအဝယ် ဆက်အေးနေဦးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။

ပြီးခဲ့သည့် ရက်သတ္တပါတ်အတွင်း ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၄၀ အထိ မြင့်တက်လာချိန်တွင် ပြည်တွင်းရွှေဈေးကွက်တွင်လည်း ရွှေဈေးနှုန်းများ ဆက်တိုက်မြင့်တက်ခဲ့ကာ ရန်ကုန်ရွှေအသင်း၏ ရည်ညွှန်းဈေးသည်ပင် တစ်ကျပ်သား ကျပ် (၂၄) သိန်းကျော်ထိ မြင့်တက်ခဲ့သည်။ “ရွှေဈေးကွက်က အရောင်းအဝယ်အေးတယ်။ ရှေ့လျှောက်လည်း အရောင်းအဝယ်အေးဦးမှာပဲ။ အဝယ်မရှိဘူး။ အရောင်းတွေကများတယ်။ လူတွေကလည်း အလုပ်အကိုင်မကောင်းကြတော့ အရောင်းအဝယ်က အေးနေတာ”ဟု ၎င်းကဆိုသည်။

ယနေ့ ကမ္ဘာ့ရွှေဈေးအဖွင့်ဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၃၁ ဖြစ်ပြီး ရန်ကုန်ရွှေအသင်း၏ ရည်ညွှန်းဈေးနှုန်းမှာ ၂၃၉၂၇၀၀ ဖြစ်ကာ ပြင်ပဈေးကွက်တွင် ဈေးကျခြင်းမရှိပဲ သိန်း (၃၀) နီးပါးအထိ အမြင့်ဈေးဖြင့် ဆက်ရှိနေကြောင်းသိရသည်။

ပြီးခဲ့သည့် လကုန်ပိုင်းအတွင်းက ပြည်တွင်းရွှေဈေးကွက်တွင် ရွှေဈေးနှုန်းမြင့်တက်မှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ရာ ဈေးနှုန်းတည်ငြိမ်စေရန်အတွက် ရွှေဆိုင်များအနေဖြင့် တစ်ကျပ်သားလျှင် (၂၉) သိန်းဝန်းကျင်ဖြင့်သာ ရောင်းချပေးရန် ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းမှ မေတ္တာရပ်ခံခဲ့ရသည်။

ယင်းသို့ မေတ္တာရပ်ခံမှုကြောင့် ရွှေဈေးနှုန်း အတန်အသင့်ပြန်လည်ကျဆင်းခဲ့သော်လည်း လက်ရှိအချိန်ထိ အမြင့်ဈေးတွင်သာ ဆက်လက်ရပ်တည်နေဆဲပင်ဖြစ်သည်။

**Source: Popular News Journal**

# STOCK EXCHANGE (11.5.2023)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 11th May, 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,558 (Shares) | 11,739,450 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,100 | 419 | 3,435,600 | 33,109,694 | 271,500 |
| MTSH | 00002 | 2,850 | +50 | +1.79% | 2,850 | 2,850 | 2,850 | 2,451 | 6,985,350 | 38,929,150 | 110,948 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 0 | 0 | 10,400,986 | 72,807 |
| FPB | 00004 | 1,400 | -50 | -3.45% | 1,450 | 1,450 | 1,400 | 583 | 816,750 | 29,664,613 | 41,531 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 1 | 2,550 | 19,977,223 | 50,942 |
| AMATA | 00007 | 4,800 | +100 | +2.13% | 4,800 | 4,800 | 4,800 | 104 | 499,200 | 10,497,598 | 50,389 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 11th May, 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 357.63 | +0.86 | +0.24% | 356.77 | 358.47 | 356.00 | 3,558 | 11,739,450 | 7 | 630,175 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 11th May, 2023

| Trading Volume | Trading Value |
|---|---|
| 3,558 (Shares) | 11,739,450 (MMK) |

### Main Board

As of 1:00 pm, 11th May, 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,558 (Shares) | 11,739,450 (MMK) |

| MYANPIX | 357.63 ▲ 0.86 |
|---|---|
| Total Volume (shares) | 3,558 |
| Total Value (MMK) | 12 mil |
| Listed Company | 7 |
| Market Cap. (MMK) | 630,175 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 50 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 1,400 | ▼ 50 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 100 |